ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အကြောင်းအရာ။ ။ မီးကင်းကျေးရွာ၏စာတမ်း

ရက်စွဲ။ ။ ၂၀၂၀ခုနှစ် စက်တင်ဘာလ

မီးကင်းကျေးရွာ

ဟိုပုံးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မီးကင်းကျေးရွာ၊ ဟိုပုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာ သယံဇာတပြမြေပုံ၊	
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	
	အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး	
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


စက်တင်ဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မီးကင်းကျေးရွာ၊ ဟိုပုံးမြို့နယ်


မီးကင်းကျေးရွာ သယ်ဇာတပြ မြေပုံ၊ ဟိုပုံးမြို့နယ်



မီးကင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ဟိုပုံးမြို့နယ်



မီးကင်းကျေးရွာ ရွာတွင်း၊ရွာပ အဖွဲ့အစည်းများဆက်သွယ်မှုပုံစံ၊ ဟိုပုံးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မီးကင်းကျေးရွာသည်ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ဟိုပုံးမြို့နယ်၏ နောင်ဒေးကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ဟိုပုံးမြို့နှင့်မိုင်(၄၀)ကျော်ခန့်ဝေးပါသည်။

မြေပြင်ညီ ညာသောအသွင်ရှိကာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး မွေးမြူရေးကိုလည်း တနိုင်တပိုင်မွေးမြူကြပါသည်။ ကျေးရွာသည်မြေပြန့်ဖြစ်သဖြင့် ချောင်းရေကြီးခြင်းမှ လွတ်ကင်းသည်။ကျေးရွာအနီးတွင်တောတောင်များရှိသည်။ ကျေးရွာမှ စိုက်ပျိုးရေးတွင် သနပ်ဖက်၊ပြောင်း၊နနွင်း၊ဂျင်း၊စပါးတို့ကို အများဆုံးစိုက်ပျိုးကြသည်။ ကျေးရွာသည်မြေပြန့်ဒေသ ဖြစ်ပြီးကျေးရွာတွင်ပအိုဝ်းလူမျိုးများအများဆုံး နေထိုင်ကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မီးကင်းကျေးရွာ၏ ရွာသီဥတုမှာ ဆောင်းတွင်းနှင့်မိုးရာသီတွင် အေးမြစိုစွတ်ပြီး နွေရာသီတွင် ပူပြင်းသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ(၁၉)ဧက နှင့်ယာမြေ/တောင်ယာမြေ(၃၆၅)ဧကနှင့်ဥယျာဉ်ခြံမြေ(၃၀၀) ဧကစုစုပေါင်း (၆၈၄)ဧကရှိပါ သည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်း မွန်ပါသည်။ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရခြင်းမရှိပါ။ သစ်တောများပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအား ယခင်ကတွေ့ရှိ ရသော်လည်း ယခုအခါရှားပါးနေ ပြီဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

မီးကင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၆)စုရှိပြီးကျား(၁၈၀)၊မ(၁၇၉)ဦးဖြင့် လူဦးရေပေါင်း(၃၅၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေ၏ (၆၆%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်သည် မိုခိုသူ ဦးရေထက်ပိုများသည်ကို တွေ့ရှိရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မီးကင်းကျေးရွာတွင်အဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။ကျေးရွာရှိအဖွဲ့အစည်း အားလုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်၍ ကျေးရွာ၏လုပ်ငန်းများတွင် တက်ညီလက်ညီပူး ပေါင်းပါဝင်လုပ်ဆောင်ကြသည်။ယင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှား ဆောင်ရွက်မှုအသင့်အတင့်ရှိသည်။ပညာရေးတွင်ကျောင်းကော်မတီအဖွဲ့မှကျေးရွာမူလတန်းကျောင်း၏ဖွံ့ဖြိုးရေးကို တက်ညီလက်ညီကူညီဆောင်ရွက် ပေးသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

မီးကင်းကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ပြောင်းနှင့်သနပ်ဖက်တို့ကိုအဓိကစိုက်ပျိုးကြ သည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊တောင်ယာစသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့ မိသားစုအချို့မှာ ကျဘမ်းလုပ်ကိုင်အသက်မွေးကြပါသည်။ တောင်ယာစပါး ကို မိသားစုစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရန် တတ်နိုင်သောဧကအထိပြောင်းသီးနှံကို အဓိကထား စိုက်ပျိုးကြပါသည်။ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အ တင့်ရှိပြီး အိမ်ထောင်စု(၆)စုသာ မြေယာမဲ့ဖြစ်ပါသည်။စိုက်ပျိုးစရိတ်အရင်း အနှီးမတတ်နိုင်သောကြောင့် မြေယာပိုင်ဆိုင်သလောက် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်သုံးစွဲနိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပြီး အများစုမှာမိရိုးဖလာစိုက်ပျိုးရေး နည်းစနစ်များကိုသာ အသုံးပြုကြပါသည်။ကျေးရွာတွင် နွားအနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကို အနည်းငယ်သာသုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အများဆုံးအသုံး ပြုကြပါသည်။ဓါတ်မြေဩဇာများကိုဖာလဲကျေးရွာတွင်အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ဟိုပုံးမြို့နှင့်တောင်ကြီးမြို့တွင် ရောင်းချနိုင်သည်။ ဆေးဆိုင်များမှရောင်းချသည့် ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။တောင်သူအများစု သည် စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီး မပြည့်စုံမှုနှင့် စိုက်ပျိုး ရေးအသိပညာအားနည်းမှု ပြဿနာကိုရင်ဆိုင်ရတက်ပြီး ငွေကြေးအရင်းအနှီးအတွက် သီးနှံပွဲစားများထံမှ အတိုးပေးပြီး ငွေကြေးအရင်းအနှီး များကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မီကင်းကျေးရွာတွင်နွား၊ကျွဲ၊ဝက်၊ကြက်၊စသည့်တိရစ္ဆာန်တို့ကို တနိုင်တပိုင်သာ မွေးမြူထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ပြောင်းသီးနှံများကို စိုက်ပျိုးကြသော်လည်း တိရစ္ဆာန်အစာအဖြစ်အသုံးပြုမှုနည်းပါသည်။ စိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်ကြသဖြင့် မွေးမြူရေးကိုစီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပါ။ရေနှင့်မြေနေရာ ရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများ နှင့်စားကျက်မြေရှားပါးမှုများသည် အဓိကအခက်အခဲဖြစ်ပါသည်။မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းပါသည်။

နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှရရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့်ဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။မွေးမြူရေးဆိုင်ရာအဟန့် အတားများအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများသည်မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်ရန် ချေးငွေနှင့်နည်းပညာကိုအလွယ်တကူမရရှိနိုင်ချေ။

နိုင်ငံတော်အနေဖြင့်နှစ်ရှည်ချေးငွေများထုတ်ချေးလျှင်အဆင်ပြေနိုင်သည်။ကျေးရွာထဲငွေချေးငှားသူများထံတွင်ချေးငှားလျှင်လည်းအတိုးနှုန်းမြင့်မားပါသည်။ ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာအိမ်တွင် ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ ၊အိမ်ဆိုင် ဖွင့်ကာ စားသောက်ကုန်နှင့်လူသုံးကုန် အရောင်းဆိုင်များဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ချေကိုက်မှု အနည်းအပါးမှာ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ ဒေသစီး ပွားရေးလုပ်ငန်း အားနည်းခြင်း ကြောင့် ဝင်ငွေနည်းပါးသော မိသားစုဝင်အချို့သည် ပြည်ပနိုင်ငံသို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသွားရောက် လုပ်ကိုင်ဆောင်ရွက် မှုများလည်းရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တို့ကျေးရွာတွင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွင်ပွဲစားများထံမှ ချေးပေးသည့်ချေးငွေကို ချေးယူသုံးစွဲကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ကားများ ရှိပါသည်။ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရ ခက်ခဲသည်။ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများ ဖြစ်သည့်အတွက် သွားလာရာတွင်ခက်ခဲမှုရှိကြောင်းတွေ့ရှိရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရှိသေးပါ။ ဆိုလာမီးကိုသာအဓိက အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်ဟန်းဖုန်းများရှိသော်လည်းဆက်သွယ်ရေးတွင် တာဝါတိုင်နှင့် ဝေးသောကြောင့် အနည်းငယ်ခက်ခဲကြောင်းတွေ့ရှိရပါသည်။ ဆက်သွယ်ရေး ကောင်းမွန်စေရန် အတွက်တာဝါတိုင် များလိုအပ်ကြောင်းတွေ့ရှိရပါသည်။

၇။ ပညာရေး

မီးကင်းကျေးရွာရှိ လူဦးရေ(၁၆၀)ခန့်သည်မူလတန်းအဆင့်သာရှိပြီးလက်ရှိ ကျောင်းတက် သည့်လူဦးရေစုစုပေါင်း(၉၀)ဦးတွင် တက္ကသိုလ် အဆင့်ရှိသူ (၆)ဦးသာရှိသဖြင့် ကျေးရွာ၏ ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ကျေးရွာတွင်မူလတန်းကျောင်းရှိပြီး ဆရာ၊ဆရာမ (၃)ဦးရှိကာကျောင်းဆောင် အရေအတွက်လုံလောက်မှုမရှိခြင်း၊ ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိကြောင်းတွေ့ရှိရသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင်ယင်လုံအိမ်သာများ ကိုအိမ်ခြေ(၈၀)ကသုံးစွဲကြကာ အိမ်ခြေ(၆)အိမ်မှာ တွင်းအိမ်သာကိုသာ သုံးစွဲလျက်ရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်ကျန်းမာရေးဌာနခွဲ ရှိသော ကြောင့် သက်ဆိုင်ရာကျန်းမာရေးဌာနမှ ဝန်ထမ်းများကကာကွယ်ဆေးများကို အချိန်မှန်ထိုးနှံ ပေးလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ဆေးဆိုင်ရှိသော်လည်း ဆေးအမျိုးအစားစုံ လင်မှုမရှိခြင်း၊ ဆေးဝါးများအား စနစ်တကျ သိုလောင်ထားခြင်း တို့မရှိပါ။ ကျေးရွာတွင် ကျန်းမာ ရေးအရကြီးကြီးမားမား ဖြစ်သည့်အခါ အနီးဆုံးဖြစ်သော နောင်ဒေးတိုက်နယ်ဆေးရုံ၊ ဟိုပုံး

မြို့နယ်ဆေးရုံနှင့်တောင်ကြီးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် စိမ်းစမ်းရေနှင့် ချောင်းရေကိုအသုံးပြုကြောင်း တွေ့ရှိရပါသည်။ရေအရည်အသွေး စစ်ဆေးထားခြင်း မရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအလွန်အားနည်းပြီး အမှိုက်များအား လမ်းဘေးတွင်သာ စွန့်ပစ်ကြသည်သာများပြီး အမှိုက်ပုံဟူ၍ အတည်မရှိပါ။ကျန်သည့်အခက်အခဲမှာအလယ်အလတ်သာရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုရှိပါသည်။ မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအားနည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မမရွေးတက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်းမရှိပါ။ မြို့နှင့်ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှအသိပညာပေးဟောပြောပွဲ များကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်း ဖြစ်ပွားမှုမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄
၁	ကျေးရွာအဝင်မြေသားလမ်းခဲ့ထွင်ခြင်း လုပ်ငန်း ၅၅၀၀'x၁၅'x ၆"	၁	✓				
၂	တာဝါတိုင်လိုအပ်ခြင်း	၂		✓	✓	✓	✓
၃	ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ရန် လိုအပ်ခြင်း	၃		✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- မီးကင်းကျေးရွာ
ကျေးရွာအုပ်စု	- နောင်ဒေးအုပ်စု
မြို့နယ်	- ဟိုပုံးမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည်	**-ကျေးရွာအဝင်မြေသားလမ်းခဲ့ထွင်ခြင်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ မီးကင်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲပြီး မိုးရာသီတွင် ရွံ့ဗွက်ထူထပ်ပြီး ချိုင့်ခွက်များပေါများခြင်း၊လမ်းဧရိယာကျဉ်းမြောင်းခြင်းကြောင့်ကျေးရွာအဝင်မြေသားလမ်းခဲ့ထွင်ရန် လိုအပ်လျက်ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာသူ/သားများ သွားလာရာတွင် လမ်းပမ်းဆက်သွယ်ရေး အဆင်ပြေရန်နှင့်အချိန်ကြန့်ကြာခြင်းမရှိစေရန် သီးနှံများရောင်းဝယ်ရာတွင်လည်း ယခင်ကထက်လျင်မြန်စွာ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ကျေးရွာတွင် ကျေးရွာအဝင်မြေသားလမ်းခဲ့ထွင်ပြီးပါက ကျေးရွာသူ/သားများ သွားလာရာတွင် ပိုမိုလွယ်ကူလာခြင်း၊ရပ်ရေးရွာရေးကိစ္စများ ပိုမိုဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာတွင် သီးနှံများအား အလွယ်တကူရောင်းချနိုင်ခြင်း၊ကျေးရွာတွင် လမ်းများကောင်းမွန်လာသောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ပါမည်။	

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာအဝင်မြေသားလမ်းခဲ့ထွင်ခြင်း

၅၅၀၀'×၁၅'×၆"

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) ကျပ် (၁၀၀) သိန်း • • (ပစ္စည်း/လုပ်အား) ကျပ်(၂.၇)သိန်း	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၁၈၀	၁၇၉	၃၅၉	၁၈	၂၃	၃၈	၆	၈၆
အကျိုးခံစားမည့်သူဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာလူငယ်အဖွဲ့
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၄.၃.၂၀၂၀

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁.၅.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှအဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီးတစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါဝင်ပေးရမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာပိုင် အဆောက်အဦ ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီပြန်လည်ပြင်ဆင်သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

နောင်ဒေးကျေးရွာအုပ်စု၊ မီးကင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ဦးမြင့်ဟန်	၁၃/ဟပန(နိုင်)၀၅၉၀၉၆	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	ဦးမောင်ကျော်	၁၃/ဟပန(နိုင်)၀၁၄၇၆၀	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	ဦးမြမောင်	၁၃/ဟပန(နိုင်)၀၅၈၉၀၂	ဘဏ္ဍာရေးမှူး	
၄။	ဦးဆိတ်	၁၃/တကန(နိုင်)၀၄၂၀၄၁	စာရင်းကိုင်	
၅။	ဦးထွန်းနီ	၁၃/ဟပန(နိုင်)၁၁၃၂၅၉	အဖွဲ့ဝင်	
၆။	ဦးထွန်းဟန်	၁၃/ဟပန(နိုင်)၀၂၇၇၃၉	အဖွဲ့ဝင်	
၇။	ဦးစိန်	၁၃/ဟပန(နိုင်)၀၆၃၅၀၁s	အဖွဲ့ဝင်	ချက်လက်မှတ်ထိုး
၈။	နန်းပန်းမွန်	လျှောက်ထားဆဲ	သော့ကိုင်(၁)	
၉။	နန်းရွှေခမ်း	လျှောက်ထားဆဲ	သော့ကိုင်(၂)	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၄	၈	၂၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၂	၃၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၅	၂၆	၅၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၁	၁၂၁	၂၃၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၈	၁၆
စုစုပေါင်း		၁၈၁	၁၇၉	၃၅၉
စုစုပေါင်း အိမ်ထောင်စု				၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု(၈၆)စုနှင့်လူဦးရေပေါင်း(၃၅၉)ဦးရှိပါသည်။တစ်အိမ်ထောင်လျှင်(၄)ဦးပျှမ်းမျှ လူဦးရေ ရှိပါသည်။အလုပ်လုပ်နိုင်သူဦးရေမှာ ကျေးရွာလူဦးရေ၏ (၆၂.၇)ရှိပြီး ကျေးရွာစီးပွားဖွံ့ဖြိုးမှုကို တိုးတက်စေ နိုင်ပါသည်။ကောက်ယူစာရင်းအရအမျိုးသားနှင့်အမျိုးသမီး ညီမျှမှုရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၆	၂၀၀	၀	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၄	၁၀၄	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်အများအားဖြင့် ကိုယ်ပိုင်လုပ်ငန်းများဖြစ်သော တောင်ယာ/လယ် စိုက်ပျိုးခြင်းလုပ်ငန်းများအဓိက လုပ်ကိုင်ကြပြီး အခြားဝင်ငွေရသော လုပ်ငန်းများအား တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြကြောင်း တွေ့ရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၅၀၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူ ခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၁၀၀၀	၈၀၀၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းအမျိုးအစားအလိုက် ကျား/မ လုပ်အားခ အနေဖြင့် အမျိုးသမီးလုပ်အားခမှာအမျိုးသားလုပ်အားခနှင့်တန်းတူမှုမရှိကြောင်း တွေ့ရှိရပါသည်။ကျွမ်းကျင်လုပ်အားခမှာ (၁၀၀၀၀)ကျပ် အများဆုံးဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)**
လယ်မြေ	၁၉.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၆၅.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၀၀.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၆၈၄	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ယာမြေ အများအပြား လုပ်ကိုင်ကြပြီး လယ်ကိုမူ အနည်းငယ်သာ စိုက်ပျိုးကြပါသည်။မြေဆီလွှာမှာ အသင့်အတင့်သာ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာအနီးတွင် သဘာဝ တိရိစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ကျီ၊မျောက်၊ တောကြွက် စသည့် တိရိစ္ဆာန်များကို တွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၁၈	၂၃	၃၉	၆

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၃)စု အများဆုံးဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စုအနေဖြင့် (၇၀)ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဖြစ်ပွားလာအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်အဆင်မပြေသော အိမ်ထောင်စုများ အနေဖြင့် နေ့စားလိုက်ခြင်း၊ လက်စားလိုက်ခြင်းဖြင့် ဝမ်းစာဖူလုံကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၄
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၂
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ သဘာဝဘေးရောပါကျရောက်မှု အနေဖြင့် ထိခိုက်မှုမရှိသော်လည်း မြေဆီလွှာပျက်ယွင်းမှု၊ သစ်တောပြုန်တီးမှုများ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေဖြင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနေဖြင့်(၄)ဦးမျှသာရှိကြောင်း တွေ့ရပြီး လက်လုပ်လက်စားလုပ်ငန်း လုပ်ငန်းလုပ်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	မြတ်စေတနာမမ္မစကြာ	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရပ်မိ/ရပ်ဖ	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လူငယ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၂	၀	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	**အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်အဖွဲ့အစည်း(၂)ဖွဲ့ရှိကြောင်းတွေ့ရကာ ဦးဆောင်မှု၊အစု အဖွဲ့လိုက်လုပ်ဆောင်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၀	တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၅	၁၂.၅ဧကအထက်	၁၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် (၂.၅)ဧကအောက် အိမ်ထောင်စုမှာ များသည်ကို တွေ့ရှိရပြီး မြေယာမဲ့အိမ်ထောင်စုမှာ (၆)အိမ်သာရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**
လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်ချောင်းရေ၊စိမ့်စမ်းရေ၊မိုးရေကိုသာ အမှီပြုပြီး ရေသွင်းသည့်စနစ် မရှိပါ။နွေရာသီကာလတွင် ရေအခက်အခဲရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့်ကာ လ		သွင်းအားစုလို အပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာရွေး ရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
ဖက်	၃၀၀	ပိဿာ	၀	၀	၀			မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
ပြောင်း	၃၆၅	ပိဿာ	၇၀၀	၁၀၀၀	၈၅၀			မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
စပါး	၁၉		၀	၀	၀			မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင် သနပ်ဖတ်နှင့်ပြောင်းကို အဓိကထားစိုက်ပျိုး၍ စပါးကို ဝမ်းစာအတွက်သာ စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၂၂	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မေတင်ကျေးရွာတွင်အိမ်ထောင်စု (၈၆)စုရှိသည့် အနက် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၂၂)ခုမျှသာရှိကြောင်းတွေ့ရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ် ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
